# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 25, 2019 Volume 17, Number 16


၂၅.၃.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၄၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၅/ကျပ် |
| CBM Rate | = ၁၅၂၅.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၉.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၁၃.၂ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၄.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၁.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၂၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၅၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၅၁ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၄.၈၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၂၉၀ကျပ် |

Source: CBM Rate, SFJ Journal


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ငါးတန်မွေးမြူရေး စီမံကိန်း ပြီးစီးပါက ပြည်ပသို့တင်ပို့မှုမှ တစ်နှစ်လျှင် ကန်ဒေါ်လာ သန်း ၁၅၀ ခန့် ရရှိနိုင်မည်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ် ဘုရားချောင်းမြေန ကျေးရွာတွင် ဒေသခံလုပ်ငန်းရှင်များနှင့် ပူးပေါင်းလုပ်ဆောင်မည့် Global Earth Agro and Aqua Public Co,.Ltd ၏ ငါးတန်မွေးမြူရေးစီမံကိန်းပြီးစီးပါက ပြည်ပသို့ တင်ပို့မှုမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ခန့် ရရှိထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

ဒီလုပ်ငန်းကို ပြည်သူတွေဖိတ်ခေါ်ပြီး ပါဝင်လုပ်ကိုင်စေမယ်။ လုပ်သားအင်အားလိုတယ်။ အအေးခန်းစက်ရုံဖြစ်တဲ့အတွက် အအေးခန်းလုပ်သားပိုလိုအပ်တယ်။ အဲ့ဒီဒေသမှာ လုပ်သမားတွေ အလုပ်အကိုင် အများကြီးရစေမယ့်သဘောရှိတယ်။ လုပ်သားအိမ်ရာတွေ စီစဉ်ပေးမယ်ဆိုတော့ စီမံကိန်းကအရမ်းကြီးတယ်။ အဲ့ဒီလုပ်ငန်းက အများပိုင်ကုမ္ပဏီအနေနဲ့လည်း ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်ကြောင်း ဦးဝင်းကြိုင်ကဆိုသည်။ ယင်းစီမံကိန်းတွင် ငါးတန်ကိုတစ်နှစ်ပတ်လုံး မျိုးဖောက်သွားပြီးမွေးမြူရေး လုပ်ငန်းစဉ်အလိုက် အဆင့်မြင့်မွေးမြူနိုင်ရန် ငါးမွေးကန်၊ ရေဆိုးထုတ်မြောင်းနှင့် အလိုအလျောက်အစာကျွေးစနစ်တို့ကို ထည့်သွင်းလုပ်ဆောင် သွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းစီမံကိန်းမှ လုပ်သား ၅၀,၀၀၀ ကျော်အား အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်း၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရန် ဆောင်ရွက်ထားခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင်ဆောင်ရွက်ခြင်း၊ ပြည်တွင်း ဈေးကွက်လိုအပ်ချက်အား ဖြည့်ဆည်းကာ ပြည်ပသို့တင်ပို့ခြင်း၊ အအေးခန်းများ ထည့်သွင်းတည်ဆောက်ထားသဖြင့် အေးခဲအသား၊ ငါး တန်ချိန် ၂၀၀ ခန့်ထိ ထုတ်လုပ်သိုလှောင်ရန် စီမံချက်ချခြင်းတို့အတွက် ၂၀၁၉ ခုနှစ်၊ နှစ်ဆန်းပိုင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုပေးခဲ့သည်။

ငါးတန် ငါးအမျိုးအစားသည် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ဈေးကွက်ရရှိသော ငါးအမျိုးအစားဖြစ်ပြီး ရောဂါဒဏ်ခံနိုင်သည့်အပြင် ကြီးထွားနှုန်းမှာလည်း မြန်ဆန်ကြောင်း သိရသည်။ လက်ရှိ မြန်မာ့ပြည်ပပို့ကုန် ကဏ္ဍတွင် လယ်ယာထွက်ကုန်ပြီးပါက ရေထွက်ကုန်ကဏ္ဍသည် ဒုတိယဦးစားပေး ပို့ကုန်ဖြစ်ပြီး ရေချိုရေငန်ငါးနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် လူဦးရေ ၃ ဒသမ၅ သန်းကျော် ဝင်ရောက်လုပ်ကိုင်နေခြင်းကြောင့် အဆိုပါကဏ္ဍဖွံ့ဖြိုးစေရေးလုပ်ဆောင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် ပြည်ပဝင်ငွေ တိုးတက်လာမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောဆိုကြသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6929

## ပြည်ပမှ ကြယ်ပဲဝယ်ယူမှု လျော့ကျသွားခြင်းကြောင့် ဈေးနှုန်း ၆၀ ရာခိုင်နှုန်းခန့်ထိ ကျဆင်းလာ



ပြီးခဲ့သည့်၂၀၁၈ ခုနှစ်အတွင်းက ပြည်တွင်းမှ ထွက်ရှိသည့် ကြယ်ပဲများကို တရုတ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများမှ အများဆုံး ဝယ်ယူခဲ့သော်လည်း ယခုနှစ်တွင် ဝယ်ယူမှုလျော့ကျလာကြောင်း မြန်မာနိုင်ငံကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ သတင်းရရှိသည်။ ထိုကဲ့သို့ ပြည်ပမှ ကြယ်ပဲဝယ်ယူမှုလျော့ကျလာသည့်အတွက် ပြည်တွင်း၌ ကြယ်ပဲတစ်ကီလိုလျှင် ကျပ် ၅,၀၀၀ ခန့် ထိ ဈေးနှုန်းကျဆင်းသွားကြောင်း မြန်မာနိုင်ငံ ကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူများအသင်း နာယက ဦးဖေသိန်းကပြောသည်။

အဓိကက ပို့ဆောင်ဆက်သွယ် တင်ပို့မှုအခြေအနေကြောင့် လျော့ကျလာတာဖြစ်တယ်။ ဈေးကွက်အချိတ်အဆက်နဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲက တင်ပို့တာမှာလည်း အခက်အခဲဖြစ်စေတယ်လို့ ဦးဖေသိန်းကပြောသည်။ ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံနှင့်ကိုရီးယားနိုင်ငံတို့မှ ဝယ်ယူမှုများပြားခဲ့သည့်အတွက် ကြယ်ပဲတစ်ကီလိုလျှင် ၈,၀၀၀ ကျပ်ခန့်ထိ ရရှိခဲ့သော်လည်း၊ လက်ရှိတွင် ကြယ်ပဲတစ်ကီလိုလျှင် ၃,၀၀၀ ကျပ်ခန့်ထိသာ ဈေးရရှိကြောင်းသိရသည်။

အခု ကြယ်ပဲဈေးနှုန်းက စိုက်ပျိုးသူတွေ အထိမနာသေးဘူး။ တွက်ခြေကိုက်ပါသေးတယ်။ ဒါပေမယ့် ပြည်ပက အဝယ်များရင်တော့ စိုက်ပျိုးသူတွေဈေးပိုရကြောင်း ပြင်ဦးလွင်မြို့မှ ကြယ်ပဲစိုက်တောင်သူ ဦးသိန်းတန်ကပြောသည်။ လက်ရှိမြန်မာနိုင်ငံ၌ ကြယ်ပဲကို မန္တလေးတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး တစ်နိုင်ငံလုံးအနေဖြင့် ကြယ်ပဲစိုက်ဧက ၅ သောင်းဝန်းကျင်ခန့်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6928&fbclid=IwAR3hJ19mgy5ylw MapRc_DeKRTy3L8amtxsVAbXBr6lQTZ0y3Utiyjj5b87A

## ကမ္ဘာ့အမြန်ဆန်ဆုံး တိုးတက်နေတဲ့ စီးပွားရေးအင်အားကြီးနိုင်ငံတွေထဲပါနေပေမယ့် ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့လိုနေသေးဟု IMF က အိန္ဒိယကိုအကြံပြု

လက်ရှိကမ္ဘာပေါ်မှာ အမြန်ဆန်ဆုံး တိုးတက်ကြီးထွားနေတဲ့ ကြီးမားတဲ့ စီးပွားရေးနိုင်ငံတွေအနက် အိန္ဒိယလည်း တစ်နိုင်ငံအဖြစ်ပါဝင်နေလျက်ရှိကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF က ပြောကြားလိုက်ပါတယ်။ ဒါ့အပြင် ယင်းနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့ ငါးနှစ်အတွင်း အဓိကကျတဲ့ ပြုပြင်ပြောင်းလဲမှု အများအပြားကို လုပ်ထားနိုင်ခဲ့ပေမယ့် ထပ်မံလုပ်ဆောင်စရာတွေ အများကြီး ကျန်နေသေးတယ်လို့ IMF ကဆိုပါတယ်။

အိန္ဒိယအနေနဲ့ ကမ္ဘာ့အမြန်ဆန်ဆုံး တိုးတက်ကြီးထွားနေတဲ့ ကြီးမားတဲ့ စီးပွားရေးနိုင်ငံတွေအနက်က တစ်နိုင်ငံအဖြစ်ပါဝင်နေကြောင်း၊ ပြီးခဲ့တဲ့ ငါးနှစ်အတွင်း စီးပွားရေးပျမ်းမျှတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းလောက်ရှိကြောင်း IMF ရဲ့ ဆက်သွယ်ပြန်ကြားရေး ဒါရိုက်တာ Gerry Rice က ပြောပါတယ်။

ဒီနိုင်ငံအနေနဲ့ အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ထားပြီးပေမယ့် ပြုပြင်ပြောင်းလဲစရာတွေ အများကြီးရှိနေသေးကြောင်း ၎င်းက အကြံပြု သွားပါတယ်။ နောက်ထပ်အရေးပါတဲ့ ပြုပြင်ပြောင်းလဲမှုတွေလုပ်မှ သာလည်း အိန္ဒိယတို့အနေနဲ့ ရေရှည်တည်တံ့တဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို သေချာပေါက်ရရှိနိုင်မှာဖြစ်တယ်လို့ ၎င်းကပြောသွားပါတယ်။

**Source:** https://www.financialexpress.com/.../india-among-fas.../1523700/

## ၂၀၂၅ မတိုင်ခင် ကမ္ဘာ့အကြီးဆုံး 5G ဈေးကွက် တရုတ်ဖြစ်လာမည်

တရုတ်ကတော့ လာမယ့် ၂၀၂၅ မရောက်ခင် ကမ္ဘာ့အကြီးဆုံးသော 5G ဈေးကွက်ကြီး ဖြစ်လာတော့မှာ ဖြစ်ကြောင်း Global System for Mobile Communications Association (GSMA) က ထုတ်ပြန်တဲ့ အစီရင်ခံစာတစ်ရပ်ကို ကိုးကားပြီး China Daily သတင်းစာက ဖော်ပြပါတယ်။ တရုတ်တို့အနေနဲ့ ယင်းကာလမတိုင်ခင် မျိုးဆက်သစ်မြန်နှုန်းမြင့် ကွန်ရက်အသုံးပြုသူ users ပေါင်း သန်း ၄၆၀ အထိ ရှိနေလိမ့်မယ်လို့ဆိုပါတယ်။ အဆိုပါမြန်နှုန်းမြင့် 5G ကွန်ရက်

အသုံးပြုသူဦးရေပိုင်းမှာ တရုတ်တို့အနေနဲ့ ယင်းကာလအတွင်း ဥရောပ (၂၀၅ သန်း) နဲ့ အမေရိကန် (၁၈၇ သန်း) တို့ထက် ပိုမိုသာလွန်လိမ့်မယ်လို့ပါ ခန့်မှန်းထားခဲ့တာဖြစ်ပါတယ်။

ယင်း 5G ကြောင့်လည်း တရုတ်တို့ရဲ့ မိုဘိုင်းဂေဟာစနစ်ကတော့ ၂၀၂၃ မတိုင်ခင် နိုင်ငံစီးပွားရေးအပေါ်မှာ တန်ဖိုး ကန်ဒေါ်လာ ၈၉၅ ဒသမ ၉၂ ဘီလီယံ ထပ်ပေါင်းထည့်နိုင်လိမ့်မယ်လို့ GSMA အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ တရုတ်တို့ရဲ့ မိုဘိုင်းလုပ်ငန်းကတော့ စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်သူဖြစ်လာနေကြောင်း GSMA ညွှန်ကြားရေးမှူးချုပ် Mats Granryd က ပြောကြားသွားတယ်လို့ သိရပါတယ်။

**Source:** http://www.xinhuanet.com/english/2019-03/21/c_137912944.htm

## ပိုးလမ်းမ စီမံကိန်းကြီးမှာပါဝင်တဲ့ ပထမဆုံး G7 နိုင်ငံ အီတလီဖြစ်လာ

ပေကျင်းအစိုးရရဲ့ "Silk Road" စီမံကိန်းသစ်မှာ ပူးပေါင်းပါဝင်ဖို့အတွက် တရုတ်နဲ့အကြား ပရိုတိုကော စာချုပ်တစ်ရပ်ကို အီတလီတို့ မတ်လ ၂၃ ရက်က လက်မှတ်ရေးထိုးလိုက်ကြောင်းသိရပါတယ်။ ယင်းအတွက် ကြောင့်လည်း အီတလီတို့ အနေနဲ့ တရုတ်ရဲ့ ဧရာမပိုးလမ်းမစီမံကိန်းမှာ ပူးပေါင်းပါဝင်လာတဲ့ ပထမဆုံးသော G7 နိုင်ငံလည်း ဖြစ်လာခဲ့ပါတယ်။ Silk Road စီမံကိန်းကြီးကတော့ အာရှဒေသကနေ ဥရောပအထိ ဖြန့်ကျက်ပြီး သယ်ယူပို့ဆောင်ရေးနဲ့ ကုန်သွယ်ရေးအချိတ်အဆက်လမ်းကြောင်းတွေ ဖော်ဆောင်မယ့် စီမံကိန်းကြီးလည်းဖြစ်ပါတယ်။

တရုတ်တို့အနေနဲ့ နိုင်ငံတကာမှာ ယင်းရဲ့ အခန်းကဏ္ဍသြဇာကို ပိုမိုကြီးထွားအောင် ဖြန့်ကျက်ဖို့ ဆန္ဒပြင်းပြနေချိန် ယခုလိုမျိုး ယင်းရဲ့ စီမံကိန်းကြီးမှာ အီတလီတို့ ပူးပေါင်းပါဝင်လာခြင်းကြောင့် အမေရိကန်နဲ့ ဥရောပတို့အတွက်ကတော့ စိတ်မသက်မသာ ဖြစ်စေခဲ့ရပါတယ်။ ကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံကနေ ၈ ဘီလီယံအကြား တန်ဖိုးရှိတယ်လို့ဆိုတဲ့ MoU စာချုပ် ၂၉ ခု လက်မှတ်ရေးထိုးပွဲ အခမ်းအနားကိုတော့ တရုတ် သမ္မတ Xi Jingping နဲ့အီတလီဝန်ကြီးချုပ် Giuseppe Conte တို့ တက်ရောက်ခဲ့ကြပါတယ်။

**Source:** https://www.channelnewsasia.com/news/asia/italy-first-g7-country-sign-china-silk-belt-road-plan-11372844

## အမေရိကန်နှင့် ဗြိတိန် အာမခံကုမ္ပဏီများ မြန်မာတွင်ရင်းနှီးမြှုပ်နှံရန်လိုလား

အမေရိကန်နှင့် ဗြိတိန်နိုင်ငံမှ ကုမ္ပဏီများအပါအဝင် နိုင်ငံခြားအာမခံကုမ္ပဏီများက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီး မြှုပ်နှံရန်လိုလားနေသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံခြားအာမခံကုမ္ပဏီများ ပြည်တွင်း၌ လာရောက် လုပ်ကိုင်ခွင့်ကို ၂၀၁၉ ဇန်နဝါရီ ၂ ရက်တွင် ခွင့်ပြုပြီးနောက် နှစ်လကျော်ကြာချိန်တွင် အမေရိကန်နိုင်ငံမှ CHUBB အာမခံကုမ္ပဏီက မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံလိုသည်ဟု အမေရိကန်ကုန်သည်ကြီးများ အသင်းမှတစ်ဆင့် စာပေးပို့ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌတစ်ဦးက ပြောသည်။

ထို့အပြင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ Allen and Overy အဆောက်အအုံတွင် ၂၀၁၉ မတ်လ ၁၈ ရက်က ပြုလုပ်သော မြန်မာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲ၌ ဗြိတိန်အာမခံကုမ္ပဏီများက မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံ လိုကြောင်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ဘီဘီစီသတင်းဌာနနှင့် အင်တာဗျူး၌ ပြောကြားသည်။ အရှေ့တောင် အာရှ၏ နောက်ဆုံးမှဖွင့်လှစ်သည့် အာမခံဈေးကွက်ကို နိုင်ငံတကာ အာမခံကုမ္ပဏီများ ဝင်ရောက်ခွင့်ပြုခြင်းက နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အပံ့ ဖြစ်စေသည်ဟု စင်ကာပူအခြေစိုက်မီဒီယာ စီးပွားရေးကုမ္ပဏီ Magenta Global PteLtd ကုမ္ပဏီ အမှုဆောင်အရာရှိ ချုပ် Maggie Tan က ပြောသည်။ မြန်မာနိုင်ငံတွင် အထွေထွေ အာမခံထားရှိမှုက တစ်နှစ်လျှင် ၁၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်နေပြီး အသက်အာမခံထားရှိမှုက ၂၅ ဒသမ ၃ ရာခိုင်နှုန်းရှိခြင်းကြောင့် အလားအလာကောင်းသည့် အာမခံဈေးကွက်ကို ပိုင်ဆိုင်ထားသည်ဟု Magenta Global Pte Ltd က သတင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားအာမခံကုမ္ပဏီများ ဈေးကွက်ရှာဖွေရန် လာမည့်ဖွန်လ ၁၁ရက်နှင့် ၁၂ ရက်တွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ မြန်မာ့အာမခံဆွေးနွေးပွဲ ၂၀၁၉ ပြုလုပ်မည် ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် နိုင်ငံတကာ အာမခံဈေးကွက်၏ အသွင်သဏ္ဌာန်နှင့် ဖွံ့ဖြိုးမှုအခွင့် အလမ်းများ၊ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုနှင့် မဟာဗျူဟာအရ ပူးပေါင်းမှု၊ အသေးစားအာမခံလုပ်ငန်းများ၊ ကောက်ပဲသီးနှံအာမခံလုပ်ငန်း၊ တစ်ဆင့်ပြန်လည် အာမခံသည့် လုပ်ငန်းများအပါအဝင် အာမခံလုပ်ငန်းဖွံ့ဖြိုးရေး ဆွေးနွေးမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်း

များကို ပုဂ္ဂလိကကုမ္ပဏီများအား ၂၀၁၃ ကစတင်လုပ်ကိုင်ခွင့်ပြုပြီး နောက်ခြောက်နှစ်ခန့် ကြာမြင့်ချိန်၌ နိုင်ငံခြားကုမ္ပဏီများကိုပါ ထပ်မံခွင့်ပြုပေးခဲ့သည်။ ဒီချုပ်အစိုးရက နိုင်ငံခြားအာမခံကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပြုပြီးနောက် ပြည်တွင်းအာမခံ ကုမ္ပဏီများကလည်း ပူးပေါင်းရန်ပြင်ဆင်နေကြောင်း ဂလိုဘယ်ဂေါလ်အာမခံကုမ္ပဏီ ဒါရိုက်တာ ဦးစိုးဝင်းသန့်ကပြောသည်။

**Source:** http://www.7daydaily.com/story/152942

## တရုတ်သို့ နယ်စပ်မှ ကျွဲ၊ နွား တရားဝင်တင်ပို့နိုင်မည်ဟုဆို




တရုတ်နိုင်ငံသို့ နယ်စပ်မှ ကျွဲ၊ နွားများ မကြာမီတရားဝင် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်ကပြောသည်။ မြန်မာ၊ တရုတ်နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများ တိရစ္ဆာန်ရောဂါကင်းရှင်းမှုနှင့် ပတ်သက်ပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် တရားဝင်တင်ပို့နိုင်မည်ဟု ၎င်းကပြောကြားသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းမှုသည် နောက်ဆုံးအဆင့် ရောက်ရှိနေပြီဟုဆိုသည်။ မြန်မာနိုင်ငံမှ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယူနန်ပြည်နယ်အစိုးရနှင့် ကူမင်းမြို့တွင် သွားရောက်ညှိနှိုင်းထားသည်ဟု ဦးခင်မောင်လွင်ကပြောသည်။ တရုတ်နိုင်ငံ၏ တရားမဝင်ကုန်သွယ်မှု တားဆီးရေးစီမံချက်ကြောင့် မြန်မာနိုင်ငံမှ ကျွဲ၊ နွား ရောင်းချမှုလုပ်ငန်းများ ၂၀၁၉ ဖေဖော်ဝါရီ စတင်ရပ်ဆိုင်းခဲ့သည်။ ထို့ကြောင့် ယခုရက်ပိုင်းတွင် မူဆယ်မြို့၌ ကျွဲ၊ နွားကောင်ရေများစွာပိတ်မိနေကြောင်း ကုန်သည်များကပြောသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ် ငါးလကျော်အတွင်း မြန်မာနိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ကျွဲ၊ နွားနှင့် သိုး၊ ဆိတ် အပါအဝင် တိရစ္ဆာန်ထွက်ပစ္စည်း တင်ပို့မှု ကန်ဒေါ်လာသန်း ၂၇၀ ခန့် ရှိခဲ့သည်။ တရုတ်နိုင်ငံသည် ကျွဲ၊ နွား အကောင်ရေ နှစ်သိန်းခန့်ကို နယ်စပ်ကုန်သွယ်ရေးဖြင့် တရားဝင် ဝယ်ယူရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနထံ ကမ်းလှမ်းထားသည်။ တရုတ်နိုင်ငံ စစ်ဆောင်ပန်းနား ပြည်နယ်ခွဲမှ ကုန်သည်များက မြန်မာနိုင်ငံမှ ကျွဲ၊ နွားများ တရားဝင် ဝယ်ယူရန် စိတ်ဝင်စားနေခြင်း ဖြစ်သည်။

ပြည်တွင်း ကျွဲ၊ နွားစားသုံးမှုသည် တစ်နှစ်လျှင် အကောင်ရေ သုံးသိန်းကျော်ရှိပြီး နှစ်စဉ်အကောင်ရေ ခုနစ်သိန်းကျော်ပိုနေသည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောထားသည်။ ၂၀၁၄ ယာယီတိရစ္ဆာန် သန်းခေါင်းစာရင်းအရ မြန်မာနိုင်ငံတွင် ကျွဲ၊ နွားအကောင်ရေ ၁၁ သန်းခွဲခန့် ရှိသည်ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနစာရင်းများတွင် ဖော်ပြထားသည်။ ကျွဲ၊ နွားများ ပြည်ပသို့ တင်ပို့ခွင့်ပြုခြင်းသည် ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားဖြစ်ပေါ်နေသော လွတ်လပ်သည့် ဈေးကွက်ကို ဖော်ဆောင်ရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့်အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူများ၏ အကျိုး စီးပွားပိုမိုကာကွယ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကဆိုသည်။ လက်ရှိတွင် တရုတ်သို့ ကျွဲ၊ နွားများ တရားဝင်တင်ပို့ခွင့် မပြုသေးသော်လည်း တရားမဝင် တင်ပို့မှု ရှိနေသည်။

**Source:** http://www.7daydaily.com/story/152941

## ပဲယင်းဈေး ပြန်ကျ

ဈေးတက်နေသော ပဲယင်းဈေးနှုန်းများသည် ယခုရက်ပိုင်းအတွင်း ပြန်လည်ကျဆင်းကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်အတွင်းမှ ပဲ၊ နှမ်းကုန်သည်များထံမှသိရသည်။ ယင်းပဲကို တရုတ်ဝယ်လိုအားကျဆင်းသဖြင့် ဈေးနှုန်းလည်း လိုက်ပါကျဆင်းခြင်းဖြစ်ပြီး ယင်းပဲဈေးသည် ပြီးခဲ့သည့် ရက်ပိုင်းကထက် သုံးတင်ဝင်တစ်အိတ်လျှင် ကျပ် ၃၀၀၀ မှ ၄၀၀၀ ခန့်သို့ပြန်လည်ကျဆင်းကြောင်း ၎င်းတို့ထံမှသိရသည်။ ဈေးကွက်က မငြိမ်ဘဲ ဝယ်လက်ရဲ့ ဝယ်လိုအားပေါ် ပြောင်းလဲနေကြောင်း ပွဲစား၊ ကုန်သည်၊ စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အထွေထွေအတွင်းရေးမှူး

ဦးကျော်သွင်က ပြောကြားသည်။ ပဲရင်း(အကြီး)ကို တရုတ်ဝယ်လက်သည် အဝယ်ရပ်နားခဲ့ပြီးနောက် ပဲယင်း (အသေး) ဈေးနှုန်းများလည်း လိုက်ပါကျဆင်းခဲ့ပြီး အဝယ်ရှိနေသေးသည့် ပဲယင်း(အသေး)ကြောင့် ပဲယင်းဈေးနှုန်းများ ပြန်တက်လာခဲ့သော်လည်း ဈေးနှုန်းတည်ငြိမ်မှုမရှိကြောင်း ၎င်းကဆိုသည်။

လက်ရှိပဲယင်းဈေးကွက်အတွင်း ပဲယင်း(အကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ၇၃,၀၀၀ ကျပ်နှင့် ပဲယင်း (အသေး) သုံးတင်းဝင် တစ်အိတ်လျှင် ၇၀,၀၀၀ ကျပ်ဈေးရှိကြောင်း မန္တလေးကုန်စည်ဒိုင်ထံမှ သိရသည်။ ပဲယင်းဈေးကွက်တွင် ပဲရင်း(အကြီး)ကို တရုတ်ဝယ်လက်က အဓိကဝယ်ယူပြီး ပဲရင်း(အသေး)ကို ရန်ကုန်ဝယ်လက်က ဝယ်ယူကြောင်း မန္တလေးကုန်စည်ဈေးကွက်အတွင်းမှ သိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1778-beans.html

## ယခုနှစ်အတွင်း သကြားဈေးကွက်အေးကာ ယမန်နှစ်ကာလတူကထက် ဈေးနှုန်းကျဆင်း



ယခုနှစ်အတွင်း သကြားဈေးကွက် အေးကာ ယမန်နှစ်ကာလတူကထက် ဈေးနှုန်းကျဆင်းနေကြောင်း မြန်မာနိုင်ငံ ကြံနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေး၏ ပြောပြချက်အရသိရသည်။

ယမန်နှစ်ကာလတူက သကြားတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ရှိရာမှ ယခုအခါ သကြားတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ သာ ရှိကြောင်း သိရသည်။

ထိုသို့ကျဆင်းနေခြင်းမှာ ပြည်တွင်း သကြားထုတ်လုပ်မှု တိုးတက်လာခြင်း၊ ယမန်နှစ်က တင်သွင်းထားသည့် Re-export သကြားအားလုံး ပြည်ပသို့ မတင်ပို့နိုင်ခြင်း၊ လုပ်ငန်းသုံး သကြားများရှိနေခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုမှ သကြားတရားမဝင် ဝင်ရောက်နေခြင်းကြောင့် ရောင်းလိုအားများကာ ဈေးနှုန်း ကျဆင်းနေခြင်းဖြစ်သည်။ အဲဒီအချက်တွေကြောင့် သကြားတွေစုပုံပြီး ဈေးကျလာတာပါ။ သကြားဈေးနှုန်း အလားအလာကတော့ လောလောဆယ် ဒီအတိုင်းပဲ ဆက်ရှိနေမယ်လို့ ခန့်မှန်းထားကြောင်း ဦးဝင်းဌေးကပြောသည်။

၂၀၁၈ ခုနှစ်က သကြားဈေးကောင်းခဲ့သဖြင့် ကြံတိုးချဲ့စိုက်ပျိုးခဲ့ရာ အထွက်နှုန်း ကောင်းသည့်အပြင် ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းကလည်း မြန်မာနိုင်ငံမှ သကြားအဓိကတင်ပို့နေသည့် တရုတ်နိုင်ငံကလည်း သကြားတင်ပို့မှု ရပ်ဆိုင်းထားသောကြောင့် တရုတ်နိုင်ငံသို့ တင်ပို့မည့် သကြားများကို ပြည်တွင်း၌ ရောင်းချမှုများ ရှိနေသည့်အတွက် ပြည်တွင်းသကြားဈေးများ ကျဆင်းနေကြောင်း သိရသည်။

ပြည်ပမှလုပ်ငန်းသုံးနှင့် ပြန်လည်တင်ပို့ကုန်အဖြစ် Re-export သကြားတင်သွင်းခွင့်ဟူ၍ လိုင်စင်နှစ်ခုဖြင့် တင်သွင်းခွင့်ပြုထားရာ ပြည်တွင်း၌ အမေရိကန်ဒေါ်လာဈေး မြင့်တက်လာမှုကြောင့် Re-export လိုင်စင်ဖြင့် သကြားတင်သွင်းခွင့်ကို ယခင်လများက ပိတ်ထားရာ လတ်တလောတွင် လုပ်ငန်းသုံးလိုင်စင်ဖြင့် သကြားတင်သွင်းခွင့် ရှိကြောင်းသိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1776-sugar-market.html

## သစ်သီးရှစ်မျိုးကို တရားဝင် နယ်စပ်ထွက်ပေါက်များမှ တင်ပို့နိုင်ရန်ဆောင်ရွက်

သစ်သီးရှစ်မျိုးကို တရားဝင် နယ်စပ်ထွက်ပေါက်များမှ တင်ပို့နိုင်ရန်နှင့် တရုတ်နိုင်ငံ၏ အပင်နှင့်တိရစ္ဆာန်များ ရောဂါကင်းရှင်းရေး AQSIQ ရရှိစေရန် သက်ဆိုင်ရာသို့တင်ပြထားကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၏ထံမှ သိရသည်။

တရုတ်နိုင်ငံ၏ AQSIQ စာရင်းတွင် ဖရဲ၊ သခွား၊ သရက်နှင့် ဆီးသီးဟူ၍ လေးမျိုးကို ခွင့်ပြုထားကာ ထောပတ်၊ ကျွဲကော၊ ၄က်ပျော၊ နာနတ်၊ သံပရာ၊ ဝဥ၊ ကြက်မောက်၊ ဒူးရင်း သစ်သီးရှစ်မျိုးကို မူဆယ်-ရွှေလီ ဝင်ပေါက် တစ်ပေါက်တည်းသာမက ကန်ပိုက်တီ၊ လွယ်ဂျယ်စသည့် တရုတ်နိုင်ငံနှင့် ဆက်စပ်နေသော နယ်စပ်ဂိတ်ပေါက်တို့မှ တစ်ဆင့်

တင်ပို့ခွင့်ရရှိစေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့သို့ တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် သရက်၊ ထောပတ်၊ ကျွဲကော၊ ပိန္နဲ၊ နာနတ် ထွက်ရှိမှုများပြား လာသော်လည်း AQSIQ ရရှိထားခြင်း မရှိသောကြောင့် ဈေးနှိမ်မှုများရှိနေသည်။ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် AQSIQ မှတ်ပုံတင်ထားသည့် ကုန်စည်မှာ ဆန်၊ သရက်၊ ဖရဲ၊ သခွား၊ ဆီးသီးတို့သာရှိပြီး ကျန်ကုန်စည်အများစုမှာ နယ်စပ်လမ်းကြောင်းမှ တရားမဝင် တင်ပို့နေရသည့်အတွက် ဈေးနှိမ်ခံရမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေးအတွက် သစ်သီးဝလံများအပြင် လယ်ယာထွက်ကုန်များ၊ မွေးမြူရေးထွက်ကုန်များ၊ စက်မှုထုတ်ကုန်များကို AQSIQ မှတ်ပုံတင်ခွင့် အမြန်ဆုံးရရှိရေး သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တင်ပြတောင်းဆိုထားကြောင်းသိရသည်။

**Source:** http://myawady.net.mm/index.php/business/item/41701-2019-03-23-10-40-31

## STOCK EXCHANGE (25.3.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 25th Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,700 | 8,800 | 8,700 | 76 | 661,800 | 27,112,747 | 238,592 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 1,516 | 4,273,550 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +100 | +1.41% | 7,200 | 7,200 | 7,200 | 1 | 7,200 | 10,400,986 | 74,887 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 50 | 1,050,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.61 | +0.76 | +0.20% | 368.44 | 372.61 | 368.44 | 1,643 | 5,992,550 | 5 | 508,704 |


**Index chart**




### Market Overview

As of 1:00 pm, 25th Mar. 2019

| MYANPIX | 372.61 ▲ 0.76 |
|---|---|
| Total Volume (shares) | 1,643 |
| Total Value (MMK) | 6 mil |
| Listed Company | 5 |
| Market Cap. (MMK) | 508,704 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 100 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |